JOHNS HOPKINS BLOOMBERG SCHOOL of PUBLIC HEALTH
CENTER FOR PUBLIC HEALTH AND HUMAN RIGHTS

အရေးပေါ်ကူညီပေးရေးအဖွဲ့ (မြန်မာနိုင်ငံ)
E.A.T
EMERGENCY ASSISTANCE TEAM (Burma)
PO Box 57, Mae Sot, Tak 63110, Thailand
email: eatburma@gmail.com, web: www.maetaoclinic.org

# လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စစ်အစိုးရခေါင်းဆောင်များအား စုံစမ်းစစ်ဆေးရန် အစီရင်ခံစာဖြင့် တောင်းဆို

ဘန်ကောက်၊ ထိုင်းနိုင်ငံ (၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်) – ပြီးခဲ့သည့်နှစ် မြန်မာနိုင်ငံအတွင်း နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်း ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် နိုင်ငံတကာခုံရုံးက နအဖစစ်အစိုးရအား စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနှင့် စီစဉ်ဆောင်ရွက်သင့်ကြောင်း ပထမဦးဆုံးထုတ်ပြန်သည့်လွတ်လပ်သော ဘေးအန္တရာယ်ကူညီရေးဆိုင်ရာ စစ်တမ်းအစီရင်ခံစာ၌ ဖော်ပြလိုက်သည်။

ယနေ့ထုတ်ပြန်သော **"နာဂစ်မုန်တိုင်းနောက်ဝယ် – မြစ်ဝကျွန်းပေါ်မှအသံများ"** အစီရင်ခံတွင် နအဖစစ်အစိုးရအနေနှင့် မုန်တိုင်းဒုက္ခသည်များအတွက်ထောက်ပံ့သော ကယ်ဆယ်ရေးအကူအညီများကို ပိတ်ဆို့ခဲ့ခြင်းနှင့် အကူအညီပေးသူများအားဖမ်းဆီးခဲ့ခြင်းတို့အပြင် မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သော အဆိုးဝါးဆုံးသဘာဝဘေးအန္တရာယ်နှင့်ပါတ်သက်သည့် တိကျမှန်ကန်သောသတင်းအချက်အလက်များကို အလွန်အမင်းထိန်းချုပ်ထားခဲ့ခြင်းကြောင်း တင်ပြထားသည်။

ဂျွန်ဟော့(ပ်)ကင်းတက္ကသိုလ် ဘလုမ်းဘာ့(ဂ်)ပြည်သူ့ကျန်းမာရေးကျောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်လူ့အခွင့်အရေးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ခရစ်ဘေရာ၏ အဆိုအရ အစီရင်ခံစာတွင်ထည့်သွင်းထားသော တွေ့ရှိချက်များသည် ဘေးအန္တရာယ်ကူညီရေးဆိုင်ရာဖြစ်စဉ်အတွင်း ချိုးဖောက်ခဲ့သည် နအဖစစ်အစိုးရ၏ ကျူးလွန်မှုများအတွက် ကျယ်ပြန့်သည့်အထောက်အထားများဖြစ်ပြီး ယင်းကျူးလွန်မှုများသည် နိုင်ငံတကာလူသားချင်းဆိုင်ရာကယ်ဆယ်ရေးအကူအညီစံချိန်စံညွှန်းများနှင့် ဘေးအန္တရာယ်ကူညီရေးဆိုင်ရာ တရားဝင်လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့်အပြင် အဆိုပါကျူးလွန်မှုများအတွင်း လူ့ရာဇဝတ်မှုများပါ ပါဝင်နိုင်ကြောင်း သိရှိရသည်။ ဤအစီရင်ခံစာ၌ နိုင်ငံတကာခုံရုံးက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တောင်းဆိုထားသည်။

ဒေါက်တာဘေရာကပြောသည်မှာ "မြန်မာစစ်အစိုးရဟာ မုန်တိုင်းကယ်ဆယ်ရေးအကူအညီပေးမှုတွေကို နှောင့်နှေးကြန့်ကြာစေခဲ့တယ်၊ ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ မြေတွေကို သိမ်းယူခဲ့တယ်၊ ပြီးတော့ဒင်းရဲ့ ပြန်လည်တည်ဆောက်ရေးအစီအစဉ်တွေမှာ ကလေးငယ်တွေအပါအဝင် လူထုကို အဓမ္မအလုပ်စေခိုင်းခဲ့တယ် စသည်ဖြင့် ဒီအစီရင်ခံစာမှာ ကျနော်တို့ထောက်ပြထားပါတယ်။ တချိန်တည်းမှာလည်း စစ်အစိုးရက အကူအညီပေးမှုတွေကို ပိုပြီးခက်ခဲအောင်လုပ်နေတဲ့ကြားထဲကနေပြီး ဒုက္ခရောက်နေတဲ့သူတွေဆီကို အကူအညီတွေ အချိန်နဲ့တပြေးညီ ရောက်နိုင်အောင် အားထုတ်ကြိုးပမ်းခဲ့ကြတဲ့ သာမန်မြန်မာပြည်သူတွေရဲ့ လေးစားအသိအမှတ်ပြုဖွယ်စွမ်းရည်ကိုလည်း ကျနော်တို့ အစီရင်ခံစာထဲမှာ ဝေဝေဆာဆာဖော်ပြထားပါတယ်။"

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလ၌ ကျရောက်ခဲ့သော ဘေးအန္တရာယ်ကြောင့် လူပေါင်း (၁၄၀၀၀၀)နီးပါး အသက်ဆုံးရှုံးခဲ့ကြရပြီး လူဦးရေ ၃ ဒသမ ၄ သန်းကျော် အတိဒုက္ခရောက်ခဲ့ကြရသည်။ မုန်တိုင်းဒဏ်သင့်သူ အများစုမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှဖြစ်ကြသည်။

ဤအစီရင်ခံစာကို ၂၀၀၈ ခုနှစ် ဇွန်လနှင့် နိုဝင်ဘာလအကြားတွင်ပြုလုပ်ခဲ့သော တသီးပုဂ္ဂလိကကယ်ဆယ်ရေး လုပ်သားများနှင့် မုန်တိုင်းအတွင်းအသက်ရှင်ကျန်ခဲ့သူ ၉၀ဦးတို့နှင့် လူတွေ့မေးမြန်းမှုများအပေါ်အခြေခံ၍ ပြုစုခဲ့ခြင်းဖြစ်ပြီး အစီရင်ခံစာ၌ တည်ရှိနေဆဲဖြစ်သည့် မုန်တိုင်းဒုက္ခသည်များအတွက်အခြေခံလိုအပ်ချက်များဖြစ်သော အစားအစာ၊ ရေ နှင့် နေရာထိုင်ခင်း မလုံလောက်မှုအခြေအနေများ၊ အာဏာပိုင်များ ကယ်ဆယ်ရေးပစ္စည်းအလွဲသုံးစားမှု၊ ခိုးယူမှု နှင့် ရောင်းချမှုအခြေအနေများအပြင် အဓမ္မနေရာရွှေ့ပြောင်းမှုအပါအဝင် မုန်တိုင်းဒုက္ခသည်များအပေါ် ၎င်းတို့ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကိုပါ အသေးစိပ်ဖေါ်ပြထားသည်။

ဤအစီရင်ခံစာအား ဂျွန်ဟော့(ပ်)ကင်းတက္ကသိုလ် ဘလုမ်းဘာ့(ဂ်)ပြည်သူ့ကျန်းမာရေးကျောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် လူ့အခွင့်အရေးဌာန နှင့် မြန်မာနိုင်ငံတွင်းရှိ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများမှ ပရဟိတကယ်ဆယ်ရေးလုပ်သားများဖြင့် လုပ်ငန်းဆောင်ရွက်နေသော နယ်စပ်အခြေပြုလူမှုရေးအဖွဲ့တခုဖြစ်သည့် အရေးပေါ်ကူညီပေးရေးအဖွဲ့ (မြန်မာနိုင်ငံ) တို့က ပူးတွဲထုတ်ပြန်ခြင်းဖြစ်သည်။

အရေးပေါ်ကူညီပေးရေးအဖွဲ့ (မြန်မာနိုင်ငံ)၏ ဥက္ကဌ လည်းဖြစ် ထင်ရှားသည့် ပရဟိတစေတနာရှင်လည်း ဖြစ်သူ ဒေါက်တာစင်သီယာမောင်က နိုင်ငံတကာမိသားစုအနေနှင့် မြစ်ဝကျွန်းပေါ်ဒေသသို့ နောက်ထပ်အကူအညီများ မပေးမီ ဒေသတွင်းရှိဖြစ်ရပ်မှန်အခြေအနေများကို အသေအချာပိုမိုပြန်လည်သုံးသပ်ရန် တောင်းဆိုလိုက်သည်။

"လူမှုအခြပြုအဖွဲ့အစည်းတွေရဲ့ လွတ်လပ်စွာလုပ်ငန်းဆောင်ရွက်နိုင်မှုဟာ ဒေသတွင်းမှာ ရေရှည်တည်တံ့မဲ့ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် အကောင်အထည်ဖေါ်ဆောင်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပါတယ်။ ဒုက္ခရောက်နေသူတွေကို အကူအညီပေးတဲ့အတွက် သူတို့ရဲ့ဝေဒနာတွေကို သက်သာအောင် ဖေးမပေးတဲ့အတွက် အဖမ်းခံရတယ်ဆိုတာကတော့ အော့နှလုံးနာစရာဖြစ်ပါတယ်။


**<u>ဆက်သွယ်ရန်</u> –**

Chris Beyrer
Tel: +1443 807 0412
cbeyrer@jhsph.edu

Luke Mullany USA
Tel: + 1410 502 2626
lmullany@jhsph.edu

EAT Team –Burma
Dr. Cynthia Maung
Tel: +6689 961 5054

Mahn Mahn
Tel: +6687 943 8750

Bangkok
Tel: +6686 003 2316
hallacy@loxinfo.co.th